ဦးကောဝိဒ(ရေစကြို)

လျှင်မြန်သွက်လက်အကျိုးပေးထက်အောင်

# ပဋ္ဌာန်းပူဇော်နည်း



၄. ၃၁၃
ကဝဒ

တရားအသိ လှူတိုင်းရှိက လောကုတ်၊ လောကီ နှစ်လီစီးပွား အကျိုးများ၏။

-------------------- သို့

အမှတ်တရဓမ္မဒါန

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**
**သဗ္ဗရသံ ဓမ္မရသံ ဇိနာတိ**

အလှူအားလုံးတို့တွင် တရားအလှူသည်
အမြတ်ဆုံးဖြစ်သည်။
အရသာအားလုံးတို့တွင် တရားအရသာသည်
အမြတ်ဆုံးဖြစ်သည်။

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ်

၆၀၀ ၄၈၀ ၁၀၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၆၀၀ ၅၂၇ ၁၀၁၀

ထုတ်ဝေခြင်း

၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ ၅၀၀၊ ပထမအကြိမ်

ထုတ်ဝေသူ

ဦးချစ်ညွန့်

ဇင်ရတနာစာပေ (၁၄၈၀၄)

ပုံနှိပ်ခြင်း

လှိုင် ရောင်စုံပုံနှိပ်တိုက် (၀၇၉၂၆)

ဖြန့်ချိရေး

ထွန်းတောက်သံစဉ်စာပေ

တန်ဖိုး

၅၀၀ ကျပ်



အမှတ် ၂၇၈၃၉

ရက်စွဲ ၁၇.၂.၁၂



၂၉၄-၃

ကောဝိဒ ၊ ဦး (ရေစကြို)

လျှင်မြန်သွက်လက်အကျိုးပေးထက်အောင် ပဌာန်းပူဇော်နည်း။

ဦးကောဝိဒ ၊ ရန်ကုန်။

ဇင်ရတနာစာပေ၊ ၂၀၁၀

၄၆ စာ၊ ၁၄·၂ စင်တီ x ၁၀·၄ စင်တီ

(၁)လျှင်မြန်သွက်လက်အကျိုးပေးထက်အောင်ပဌာန်းပူဇော်နည်း။

# မာတိကာ


( ၁ ) တိုက်တွန်းနှိုးဆော်လွှာ

( ၂ ) ကျေးဇူးတင်လွှာ

( ၃ ) ပဋ္ဌာန်းပူဇော်နိုင်ရန် တိုက်တွန်းနှိုးဆော်လွှာ

( ၄ ) ပဋ္ဌာန်းဘုရားအစီအစဉ်ဖြစ်ပေါ်လာပုံ

( ၅ ) ပဋ္ဌာန်းပူဇော်ပုံအစီအစဉ်

( ၆ ) ပဋ္ဌာန်းပစ္စယ နိဒ္ဒေသပါဠိ

( ၇ ) ချမ်းသာကျိုးပေးအိမ်ဖြစ်ရေး

( ၈ ) သတိပေးမှာကြားချက်

( ၉ ) အိမ်သစ်တက်မင်္ဂလာပြုလုပ်ရမည့်အစီအစဉ်

၁

# တိုက်တွန်းနှိုးဆော်လွှာ

ပဋ္ဌာန်းဆိုသည့်စကားကိုကြားရလျှင် ဗုဒ္ဓဘာသာဝင် အတော်များများသည် ပဋ္ဌာန်းဒေသနာတော်နှင့် မစိမ်းတော့ပါ။ ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးသည် အဘိဓမ္မာပိဋကတ်တွင် ပါဝင်ပြီး ၎င်းပဋ္ဌာန်းဒေသနာတော်ကို ယုံကြည်စိတ်ချစွာဖြင့် ရွတ်ဖတ်ပူဇော်မည်ဆိုပါက ကောင်းကျိုးအနန္တ ခံစားရကြောင်းကို ဗုဒ္ဓဘာသာဝင်တို့ လက်ခံယုံကြည်ထားကြပါသည်။ ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးသည် နက်နဲခက်ခဲကြောင်းကိုသံဃာတော်အရှင်မြတ်များ အသိဆုံးပင်ဖြစ်ပါသည်။ နက်နဲခက်ခဲသောကြောင့် ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို လေ့လာသင်ယူမှု အားနည်းလာပါသည်။ သာသနာကွယ်လျှင် ထိုပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကစ၍ ကွယ်ပျောက်မည်ဖြစ်ပါသည်။ ထိုအကြောင်းကို သိတော်မူ၍ အမြော်အမြင်ရှိသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့၏ လမ်းညွှန်မှုဖြင့် မြို့နယ်၊ ကျေးရွာအသီးသီးတို့တွင် ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို ရွတ်ဖတ်ပူဇော်လေ့ရှိကြပါသည်။ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့၏

ကျေးဇူးကြောင့်လည်း ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို ကြည်ညိုအားကိုးသမှုပြု၍ ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်နေကြပါသည်။ ထိုသို့ ရွတ်ဖတ်ပူဇော်ရာတွင် သူလည်းရွတ်ဖတ်ပူဇော်၊ ကိုယ်လည်းရွတ်ဖတ်ပူဇော်သော်လည်း အကျိုးပေးပုံခြင်း ကွာခြားလျက်ရှိကြပါသည်။ ဥပမာအနေအားဖြင့် ကြက်သားဟင်းခြင်းတူသော်လည်း အရသာမတူရခြင်းမှာ ချက်ပုံချက်နည်းကွာခြားသောကြောင့် ဖြစ်ပါသည်။ ထို့အတူ အကျိုးပေးမတူရခြင်းမှာလည်း ရွတ်ဖတ်ပူဇော်ပုံခြင်း ကွာခြားနေသောကြောင့်ဖြစ်သည်ဟု လေ့လာသိရှိရပါသည်။ ထို့ကြောင့် စာရေးသူသည် **"လျှင်မြန်သွက်လက် အကျိုးပေးထက်အောင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်နည်း"**ကို မေတ္တာရှေ့ထား၍ ရေးသားသမှုပြုရပါသည်။ ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို ယုံကြည်စိတ်ချစွာ ရွတ်ဖတ်သရဇ္ဈာယ်ပူဇော်နိုင်ရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

# ကျေးဇူးတင်လွှာ

ဤ"လျှင်မြန်သွက်လက်ကျိုးပေးထက်အောင် ပဋ္ဌာန်းပူဇော်နည်း"စာအုပ်ရေးသား၍ စာရှုသူတို့ထံရောက်အောင် အရောက်ပို့ရာတွင် စာရေးသူ၏ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များနှင့် ပဋ္ဌာန်းဘုရားပူဇော်ရန် ပင့်ဆောင်ပို့ပေးထားသော ဘုရားဒါယကာ၊ ဒါယိကာမများ၊ စာအုပ်အဖြစ် ထုတ်ဝေဖြစ်အောင် တွန်းအားပေး တိုက်တွန်းမှုပေးခဲ့သော ဒါယကာ၊ ဒါယိကာမများ၊ ကျောင်းတိုက်အတွက်အဖက်ဖက်မှ ကူညီလှူဒါန်းပေးသော ဦးကျော်အုံး(ခ)ဦးပေါက်+ဒေါ်စန်းစန်းမြင့်မိသားစု၊ သဒ္ဓါတရားထက်သန်စွာဖြင့် ရွတ်ဖတ်ပူဇော်ပေးသော တပည့် သံဃာများ၊ ရောင်ခြည်တော်လွှတ်ချိန်တွင် မှတ်တမ်းတင်ရိုက်ကူး ကူညီနိုင်ခဲ့သော မောင်သိန်းသန်းဦးနှင့် အစစအရာရာကူညီပေးသော မိတ်ဆွေအပေါင်းအသင်း၊ တပည့်များ၊ အခြားသောကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

* * * * * *

## ပဋ္ဌာန်းဘုရားပူဇော်နိုင်ရန်တိုက်တွန်းနှိုးဆော်လွှာ

တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ပိုင်း၊ ကံဦးကျောင်း တိုက်အတွင်းရှိ မဟာဝေဇယန္တာမွေရိပ်သာကျောင်း၌ ဝါဆို၊ ဝါကပ်တော်မူသည့် သံဃာတော်အရှင်သူမြတ်တို့ ဒုတိယဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဘုရားရှင်ဟောကြားထားသော ဒေသနာတော်တို့တွင် အမြတ်ဆုံးဖြစ်သော ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို ရွတ်ဖတ် ပူဇော်မည်ဖြစ်ပါ၍ မိမိတို့နေအိမ်၊ ကုမ္ပဏီရုံးခန်း၊ ဆိုင်ခန်းတို့၌ အန္တရာယ်ကင်းပျောက်ချမ်းသာရောက်ပြီး စီးပွားလာဘ်လာဘတိုးတက်အောင်မြင်စေရန် ရည်ရွယ်ပြီး ကိုးကွယ်တော်မူမည့် ဘုရားဆင်းတုရုပ်ပွားတော်မြတ်များအား အမြတ်ဆုံး ပဋ္ဌာန်းထုံမွမ်းသိဒ္ဓိတင်နိုင်ရန် ဘုရားဒါယကာ၊ ဘုရားဒါယိကာမများ ဒုတိယဝါဆိုလဆန်း (၁၄)ရက်နေ့၊ ညနေ (၅)နာရီထက်နောက်မကျစေဘဲ အထက်ပါကျောင်းတိုက်သို့ ပင့်ဆောင်ပို့နိုင်ကြောင်း မေတ္တာရှေ့ထား၍ အသိပေးနှိုးဆော်လိုက်ပါသည်။

မှတ်ချက် -

ဘုရားရုပ်ပွားဆင်းတုတော်များအား ဒုတိယဝါဆိုလပြည့်နေ့တွင် မဟာဝေဇယန္တာမမွှရိပ်သာကျောင်း၌ ဗုဒ္ဓါဘိသေကမင်္ဂလာပြုလုပ်ပါမည်။ သီတင်းကျွတ်လပြည့်နေ့တွင် ရုပ်ပွားဆင်းတုတော်မြတ်များအား ပြန်လည်ပင့်ဆောင်ရမည်ဖြစ်သည်။

**ကြွေတောင်ကြွေခဲ့ အခွင့်ကောင်းကြီးကို**
**လက်မလွှတ်ကြပါစေနှင့်။**
**အခွင့်သာတုံး ရှုန်းနိုင်ပါစေ။**
**အခွင့်သာစိုက် လိုက်နိုင်ပါစေ။**
**အခွင့်သာထဲ နွှဲနိုင်ပါစေ။**

**သူတော်ကောင်းအပေါင်းတို့အား**
**စီးပွားဥစ္စာတိုးတက်အောင်မြင်ပြီး**
**ကျန်းမာရွှင်လန်းစွာဖြင့်**
**သာသနာပြုနိုင်ရန် ရည်ရွယ်ပါသည်။**
**အသေးစိတ်သိလိုပါက ☎ - ၅၆၃၄၂၀ သို့**
**စုံစမ်းနိုင်ပါသည်။**

**ပဌာန်းဘုရားဖြစ်မြောက်ရေးအဖွဲ့**

# "ပဋ္ဌာန်းဘုရားအစီအစဉ်ဖြစ်ပေါ်လာပုံ"

စာရေးသူတို့ကျောင်း၌ တရားစခန်းဖွင့်လှစ်ရာတွင် နေရာအခက်အခဲရှိပါသဖြင့် ယောဂီများ နေရာထိုင်ခင်း အဆင်ပြေစေရန် ရည်ရွယ်၍ ယောဂီသုံးထပ်ကျောင်းဆောင် ဆောက်လုပ်ရန် အစီအစဉ်ရှိပါသည်။ သို့ဖြစ်ပါသောကြောင့် ဥပဇ္ဈာယ်ဆရာတော်ထံတွင် ဩဝါဒခံယူသောအခါ ဥပဇ္ဈာယ်ဆရာတော်က အသက် သိက္ခာ ဂုဏ်ဝါရှိသော ပုဂ္ဂိုလ်များပါလျှင် မိမိလည်း ဂုဏ်မှို ကျက်သရေနှင့်လည်းပြည့်စုံပြီး အကြံဉာဏ်ကောင်းများလည်း ရရှိနိုင်သည်။ ဤကဲ့သို့သော ဥပဇ္ဈာယ် ဆရာတော်၏ လမ်းညွှန်မှုဖြင့် ပန္နက်တင်မင်္ဂလာ ဆင်ယင်ကျင်းပပြုလုပ်သည့်ပွဲ၌ ဥပဇ္ဈာယ်ဆရာတော်နှင့် စာသင်ဖော် စာသင်ဘက်ဖြစ်သော ဆရာတော်တစ်ပါးအား ပန္နက်တင် မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါရန် ပင့်ဆောင်လျှောက်ထားခဲ့ပါသည်။ ထိုသို့ လျှောက်ထားသောအခါ ဆရာတော်သည် သူကိုယ်တိုင် မကြွရောက်နိုင်ကြောင်းနှင့် ကျောင်းဆောက်မည့်နေရာတွင်

ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို ယုံကြည်မှုအပြည့်နှင့် ရွတ်ဖတ်ပူဇော်ပေးရန် ဩဝါဒပေးမှာကြားလိုက်ပါသည်။

ဤပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို ယုံကြည်စွာရွတ်ဖတ်ပူဇော်လျှင် နောင်သံသရာဘဝတွင် ကောင်းကျိုးတရားများခံစားရသည်သာမကဘဲ ယခုလက်ရှိပစ္စုပ္ပန်ဘဝတွင်လည်း ထူးခြားကောင်းမွန်သော အကျိုးတရားများလက်တွေ့ခံစားရနိုင်ကြောင်းကိုလည်း ထပ်မံမိန့်ကြားပါသည်။ ဆက်လက်၍ ဆရာတော်၏ကိုယ်တွေ့ဖြစ်ရပ်အနေအားဖြင့် ဤပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို မရွတ်ဖတ်မပူဇော်မီအချိန်တွင် အနေဆင်းရဲ အစားဆင်းရဲလျက်ရှိပါသည်။ အနေဆင်းရဲဆိုသည်မှာ မိမိနေထိုင်သည့်ကျောင်းသည် ပြိုလုမတက်ယိုင်ရွဲ့နေပြီး ကျန်းမာရေးမှာလည်းအိပ်ယာထဲတွင် လဲမနေသည့်တိုင် မကြာခဏဆေးလိမ်း၊ ဆေးသောက်ပြီးနေထိုင်ရပါသည်။ ဤပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကိုရွတ်ဖတ်ပူဇော်ပြီး (၃)လကျော်မှစ၍ အစစအရာရာ အဆင်ပြေလာပါသည်။ အဆောက်အဦးဆောက်လုပ်ဖို့ရန် နေရာမပေးနိုင်သည်အထိ တိုးတက်အောင်မြင်လာပါသည်။ မိမိရည်ရွယ်

ထားသည်ထက် အဆပေါင်းများစွာ ကောင်းကျိုးခံစားရသည့် အပြင် သာသနာ့နယ်ပယ်တွင်လည်း အထွတ်အထိပ်နေရာများ၌ တာဝန်ထမ်းဆောင်ရသည့်အထိ အောင်မြင်မှုအကျိုးထူးများ ရရှိလာရပါသည်။ ယခုအချိန်ထိလည်း ပဋ္ဌာန်းဒေသနာတော် မြတ်ကြီးကို ယုံကြည်စွာ ဆက်လက်ရွတ်ဖတ်ပူဇော်လျက်ရှိ ပါသည်ဟု အမိန့်ရှိခဲ့ပါသည်။

ပန်းက်တင်မင်္ဂလာအခမ်းအနားကို စာရေးသူ၏ အစီအစဉ် ဖြင့် အောင်မြင်စွာပြုလုပ်ကျင်းပနိုင်ခဲ့ပါသည်။ နောက်အစီအစဉ် အနေအားဖြင့် အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို "**မတည် အလှူရှင်ဖြစ်သော ဦးကျော်အုန်း (ခ) ဦးပေါက် (ဖ. ဆ. ပ. လ အိမ်ယာ တိုက်ဟောင်း - ၅) အခန်း (၃၂)**" အား တိုင်ပင်ဆွေးနွေးသည့်အခါ မိုးတွင်းကာလဖြစ်၍ ပစ္စည်း လစ်ဟင်းမှုများပြားပြီး ခရီးရောက်မှုနည်းပါးသည်။ သို့ဖြစ်ပါ၍ သီတင်းဝါလကျွတ်မှ ပို၍အဆင်ပြေလိမ့်မည်ဟု အကြံဉာဏ် ပေးပါသည်။ စာရေးသူကလည်း အုတ်မြစ်မချနိုင်သေးသည့် ကျောင်းဆောင်သစ်မြေနေရာတွင် အလွတ်ထားမည့်အစား

ယာယီကျောင်းဆောင်ဆောက်လုပ်၍ ပဋ္ဌာန်းပူဇော်မည်ဟု ဆုံးဖြတ်ချက်ချလိုက်ပါသည်။ စေတနာ၊ မေတ္တာအပြည့်နှင့် လမ်းညွှန်ပေးလိုက်သော ဆရာတော်၏စေတနာကို အသိအမှတ် ပြုရာလည်းရောက်၊ ကျေးဇူးဆပ်ရာလည်းရောက်အောင် ဝါတွင်း (၃)လ ကာလပတ်လုံး ပဋ္ဌာန်းဒေသနာ တော်မြတ်ကြီးကို ရွတ်ဖတ်ခြင်း အစီအစဉ်အကောင်အထည်ဖော်ခဲ့ပါသည်။ စာရေးသူတို့ ပဋ္ဌာန်း ဒေသနာတော်မြတ်ကြီးကို ရွတ်ဖတ်ပူဇော်ရာတွင် ဒါယကာ၊ ဒါယိကာမများပါ အကျိုးများစေရန်ရည်ရွယ်ပြီး မိမိတို့အိမ်၊ ကုမ္ပဏီရုံးခန်း၊ ဆိုင်ခန်းစသည်တို့တွင် ကိုးကွယ်ပူဇော်လိုသည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ပဋ္ဌာန်းဒေသနာ ထုံမွှမ်းသိဒ္ဓိ တင်နိုင်ရန် ပင့်ဆောင်၍လာရောက်ပို့ထားနိုင်ကြောင်း အသိပေး နှိုးဆော်ထားပါသည်။

ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်များအား ပဋ္ဌာန်းဒေသနာ တော်မြတ်ကြီးကို ရွတ်ဖတ်ပူဇော်ထုံမွှမ်းသိဒ္ဓိတင်သောကြောင့် **“ပဋ္ဌာန်းဘုရားပူဇော်ပွဲ”**ဟု အမည်တွင်စေခဲ့ပါသည်။

ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်များအား ပင့်ဆောင်ပို့ထားသော

ဘုရားဒါယကာ၊ ဘုရားဒါယိကာမများကိုလည်း မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်များ၌ ပဋ္ဌာန်းတရားပူဇော်ပွဲကျင်းပမည်ဆိုပါက အလှူငွေရှိမှ ပူဇော်နိုင်ကြောင်းနှင့် များသောအားဖြင့် (၉)ရက်၊ (၁၀)ရက်မျှလောက်သာ ပူဇော်နိုင်ကြသည်။ ယခုစာရေးသူတို့ ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို ပူဇော်ရာတွင် မည်သည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံမှ အလှူငွေကောက်ခံခြင်းမပြုဘဲ ကိုယ့်ဆွမ်းကိုယ်ခံ ဘုန်းပေးသုံးဆောင်ပြီး ပူဇော်ရသည့်အတွက်လည်း ပို၍သန့်ရှင်းစင်ကြယ်ပါသည်။ လန္ဒင်ချို၍ ပူဇော်ရသည့်အတွက်လည်း ပို၍ထူးမြတ်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

စာရေးသူနှင့်တကွ မဟာဝေဇယန္တာမေ့ရိပ်သာကျောင်း၌ ဝါဆို၊ ဝါကပ်တော်မူကြမည့် သံဃာတော်အရှင်မြတ် (၁၆)ပါးနှင့် ဒဂုံမြောက်ပိုင်း (၄၀)ရပ်ကွက် ဝတ်ရွတ်အသင်းတို့က ဒုတိယဝါဆိုလပြည့်နေ့ နံနက် (၅း၃၀)နာရီအချိန်တွင် စတင်၍ ဗုဒ္ဓါဘိသေကမင်္ဂလာပြုလုပ်ပြီး ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို ရွတ်ဖတ်ပူဇော်ကြပါသည်။ ထိုနေ့ နေ့လည် (၁၂း၀၀)နာရီအချိန်တွင် ဗုဒ္ဓရုပ်ပွား

ဆင်းတုတော် (၁၇၆)ဆူမှ ထူးခြားစွာ လျှပ်စီးလက်သကဲ့သို့ အရောင်တော်များပေါ် ထွက်လာခဲ့ပါသည်။ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များတွင်လည်း အစိမ်းရောင်များ အံ့ဩစွာဖြာထွက် လျှက်ရှိကြောင်းကို တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ တိုးချဲ့ (၁)လမ်း၊ အိမ်အမှတ် (၁/ခ)တွင် နေထိုင်သူ ကိုသိန်းသန်းဦး (အာရှပလာဇာဟိုတယ်)မှ MP4 ဖြင့် မှတ်တမ်းတင်လိုက်နိုင်ပါသည်။

ဗုဒ္ဓဘာသာသူတော်စင်များအနေဖြင့် ဂုဏ်ယူဝမ်းမြောက် ပီတိဖြာလျှက် ရှင်တော်မြတ်ဘုရား ဟောကြားထားတော်မူသော ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို စိတ်ချယုံကြည်စွာဖြင့် ရွတ်ဖတ်ပူဇော်သွားမည်ဆိုပါက အကျိုးထူးတရားများ ကေန်မုချ ခံစားရမည်ဖြစ်ကြောင်း စေတနာကောင်းနှင့် တိုက်တွန်းနှိုးဆော် လိုက်ပါသည်။

**"သူတော်စင်အပေါင်း ကောင်းကျိုးအနန္တ ရရှိခံစားရပါစေ"**

# ပဋ္ဌာန်းရွတ်ပတ်ပူဇော်ပုံအစီအစဉ်

★ ★ ★ ★ ★

ပိတောက်သားကိုအောက်ခံပြုလုပ်၍ ၄င်းပိတောက်သားအောက်ခံပေါ်တွင် ဘုရားရှင်အား လှူဒါန်းပူဇော်မည့် သောက်တော်ရေခွက်နှင့် ဘုရားပန်းအိုးကိုတင်၍ လှူဒါန်းပေးပါ။ ဘုရားရှင်အားလှူဒါန်းသောပန်းထဲတွင် မိမိနာမည်ပြောင်းပြန်ဖြစ်သော ပန်းအညွန့်အပွင့်၊ တစ်ညွန့်တစ်ပွင့်ကို အခြားသောပန်းများထက်မြင့်နေအောင်ထိုး၍ ပူဇော်ပေးထားပါ။

ဥပမာ - မောင်ကျော်စိုး ဆိုပါက - စက္ကူ - စိန်ချယ်

မမြင့်စိန် ဆိုပါက - စံပယ် - စိန်ပန်း

**မှာထားချက်** - နာမည်သုံးလုံး၊ လေးလုံးမှည့်ထားသူများဖြစ်ပါက အစအလုံးနှင့် အဆုံးအလုံး၊ နေ့နံ၊ ပန်း အညွန့်၊ အပွင့်တို့ကို လှူဒါန်းရမည်ဖြစ်သည်။

ဘုရားကျောင်းဆောင်ရှေ့တွင် အမွှေးနံ့သာတိုင် (၅)တိုင်၊ (၇)တိုင် (သို့မဟုတ်) (၁၂)တိုင် ထွန်းပေးထားပြီး ဤအိမ်နှင့် ပတ်သက်ဆက်နွယ်သော ပုဂ္ဂိုလ်အားလုံးတို့အတွက်

အမွေးနံ့သာတိုင်များ ထွန်းညှိပေးထားပါသည်။ သင်တို့ ကိုယ်တိုင် ကြွရောက်၍ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ပူဇော်ကြပါဟု ပြောပါ။ ဆိုင်ဆိုလျှင်လည်း ဆိုင်ဟုပြောပါ။ ဈေးဆိုလျှင် ဆိုင်ခန်းနှင့် ပတ်သက်ဆက်နွယ်သော ပုဂ္ဂိုလ်များနှင့် ဤဈေးနှင့် ပတ်သက် ဆက်နွယ်သော ပုဂ္ဂိုလ်များဟုသာထူးပါသည်။

ဤအိမ်၊ ဤနေရာ၊ ဤဆိုင်နှင့်ပတ်သက်ဆက်နွယ်သော ပုဂ္ဂိုလ်အားလုံးတို့နှင့် နတ်မြတ်၊ နတ်ကောင်း၊ နတ်အပေါင်းတို့ အကျွန်ုပ်သည် ဘုရားရှင်ဟောကြားထားတော်မူသော ပဋ္ဌာန်း ဒေသနာတော်မြတ်ကို ပူဇော်မည်ဖြစ်ပါ၍ ကြွရောက်ပြီး ပဋ္ဌာန်း ဒေသနာတော်မြတ်ကြီးကို နာယူကြပါဟု ဖိတ်ပါ။ ဤအိမ်၊ နေရာ၊ ဆိုင်ခန်းနှင့် ပတ်သက်ဆက်နွယ်သော ပုဂ္ဂိုလ်အားလုံးနှင့် နတ်မြတ်၊ နတ်ကောင်း၊ နတ်အပေါင်းတို့ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်တွေကင်းဝေးပြီး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိပါစေဟု မေတ္တာပို့သပါ။

မိမိခံတွင်း လက်၊ ခြေတို့ကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ပြီး ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို စတင်၍ပူဇော်ပါ။

**မှတ်ချက်** - ထူးထူးခြားခြားအဝတ်များ ဝတ်စရာမလိုပါ။ အကယ်၍ ဆန္ဒရှိပါက -

( ၁ ) တနင်္ဂနွေသားသမီးများ ----- အဝါရောင်

( ၂ ) တနင်္လာသားသမီးများ ----- အဖြူရောင်

(အဖြူပြောက်ပါသောအင်္ကျီ)

( ၃ ) အင်္ဂါသားသမီးများ ----- အရောင်ရင့်

( ၄ ) ဗုဒ္ဓဟူးသားသမီးများ ----- အနီရောင်

( ၅ ) ကြာသပတေးသားသမီးများ----- အဖြူရောင်

( ၆ ) သောကြာသားသမီးများ ----- ပန်းရောင်၊ မိတ်ကပ်ရောင်

( ၇ ) စနေသားသမီးများ ----- အစိမ်းရောင်

လျှင်မြန်စွာကောင်းကျိုးများ ရရှိခံစားရမည်ဖြစ်ကြောင်း ရဲဝံ့စွာအာမခံပါသည်။

တချို့တချို့သော ပုဂ္ဂိုလ်များသည် မိမိတို့အိမ်မှာ ပဌာန်း မပူဇော်ကောင်းပါ။ ပဌာန်းရွတ်ဖတ်ပူဇော်ပါက မကောင်းသော ပုဂ္ဂိုလ်များ မကြိုက်ပါ။ ၄င်းပုဂ္ဂိုလ်များမနေနိုင်တော့ပါ။ ရှင်းပါသည်။

မကောင်းသောပုဂ္ဂိုလ်များ မနေနိုင်၊ မရှိပါက မကောင်းကျိုးများ မခံစားရတော့ပါ။ ကောင်းသောပုဂ္ဂိုလ်များသာ ကျန်ရှိသောကြောင့် ကောင်းကျိုးများ ရရှိခံစားရမည်သာ ဖြစ်သည်။ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ပူဇော်ရမည်ဖြစ်ပြီး ပူဇော်ပြီးပါက ဤအိမ်(ဆိုင်)နှင့် ပတ်သက်ဆက်နွယ်သော ပုဂ္ဂိုလ်များအားလုံးတို့နှင့် (၃၁)ဘုံ ကျင်လည်နေကြကုန်သော သတ္တဝါအားလုံးကို အမျှပေးဝေပါ။

ဤ ***လျှင်မြန်သွက်လက်အကျိုးပေးထက်အောင် ပဋ္ဌာန်းပူဇော်နည်း*** စာအုပ်ဖြင့် ပစ္စယနိဒ္ဒေသပါဠိတော်ကို ရွတ်ဖတ်ပူဇော်သရဇ္ဈာယ်ပူဇော်မည်ဆိုပါက -

ဘုရားဂုဏ်တော် (၉)ပါး၊ တရားဂုဏ်တော်၊ (၆)ပါး၊ သံဃာ့ဂုဏ်တော် (၉)ပါးလည်းပြီးဆုံး၊ ပဋ္ဌာန်း (၂၄)ပစ္စည်းလည်း ပြီးဆုံးမည်ဖြစ်သည်။

# ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိ

## ၃ ၃ ၃

### အရဟံဂုဏ်တော်

(၁) ဟေတုပစ္စယောတိ-

ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေနပစ္စယော။

### သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

(၂) အာရမ္မဏပစ္စယောတိ-

ရူပါယတနံ စက္ခုဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေနပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေနပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေနပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓါတုယာ တံ သမ္ပယုတ္တကာ

နဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေနပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေနပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေနပစ္စယော။

သဗ္ဗေဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ယံယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေတေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေနပစ္စယော။

## ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

(၃) အဓိပတိပစ္စယောတိ-

ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေနပစ္စယော။

ဝီရိယာဓိပတိ ဝီရိယ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ ဂရုံကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော။

## သုဂတဂုဏ်တော်

(၄) အနန္တရပစ္စယောတိ-

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနော ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာ တုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာ တုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေနပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေနပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေနပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

## လောကဝိဒူဂုဏ်တော်

(၅) သမနန္တရပစ္စယောတိ -

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ သမန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ သမန္တရပစ္စယေန ပစ္စယော။

**အနုတ္တရောပုရိသ ဒမ္မသာရထိဂုဏ်တော်**

(၆) သဟဇာတပစ္စယောတိ-

စတ္တာရောခန္ဓာ အရူပိနော အညမညံ သဟဇာတ ပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတ ပစ္စယေနပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေနပစ္စယော။

မဟာဘူတာ ဥပါဒါ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတ ပစ္စယေနပစ္စယော၊ ကိဉ္စိကာလေ နသဟဇာတ ပစ္စယေန ပစ္စယော၊

## သတ္တာဒေဝ မနုဿာနံဂုဏ်တော်

(၇) အညမညပစ္စယောတိ -

စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမည ပစ္စယေနပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမည ပစ္စယေနပစ္စယော။

## ဗုဒ္ဓဂုဏ်တော်

(၈) နိဿယပစ္စယောတိ -

စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယ ပစ္စယေနပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပ အညမညံ နိဿယ ပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယ ပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ နိဿယ ပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေနပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေနပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနော ဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေနပစ္စယော။

## ဘဂဝါဂုဏ်တော်

(၉) ဥပနိဿယပစ္စယောတိ

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေနပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေနပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေနပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေနပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေနပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေနပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေနပစ္စယော။

ဥတုဘောဇနမ္ပိ ဥပနိဿယ ပစ္စယေန ပစ္စယော။ ပုဂ္ဂလောပိ ဥပနိဿယ ပစ္စယေန ပစ္စယော။ သေနာသနမ္ပိ ဥပနိဿယ ပစ္စယေနပစ္စယော။

## သွာက္ခာတဂုဏ်တော်

(၁၀) ပုရေဇာတပစ္စယောတိ-

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေနပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေနပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေနပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေနပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေနပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေနပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေနပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေနပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေနပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေနပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေနပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ ကိဉ္စိ ကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ န ပုရေဇာတပစ္စယေန ပစ္စယော။

## သန္နိဋ္ဌိကဂုဏ်တော်

(၁၁) ပစ္ဆာဇာတပစ္စယောတိ-

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတ ပစ္စယေန ပစ္စယော။

## အကာလိကဂုဏ်တော်

(၁၂) အာသေဝနပစ္စယောတိ-

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

## ဧဟိပဿိကဂုဏ်တော်

(၁၃) ကမ္မပစ္စယောတိ-

ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

## ဩပနေယျိကဂုဏ်တော်

(၁၄) ဝိပါကပစ္စယောတိ-

ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော။

**ပစ္စတ္တံဝေဒိတဗ္ဗဝိညျူဟိဂုဏ်တော်**

(၁၅) အာဟာရပစ္စယောတိ-

ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေနပစ္စယော။

အရူပိနော အာဟာရာ သမ္ပယုတ္တ ကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေနပစ္စယော။

**သုပ္ပဋိပ္ပန္နဂုဏ်တော်**

(၁၆) ဣန္ဒြိယပစ္စယောတိ-

စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေနပစ္စယော။

သောတိန္ဒြိယံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေနပစ္စယော။

ဃာနိန္ဒြိယံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေနပစ္စယော။

ဇိဝှိန္ဒြိယံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေနပစ္စယော။

ကာယိန္ဒြိယံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေနပစ္စယော။

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေနပစ္စယော။

အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေနပစ္စယော။

## ဥဒုပဗ္ဗင်ဘုရားရှိခိုးဗိုလ်ဖိုက်တော်

(၁၇) ဈာနပစ္စယောတိ-

ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေနပစ္စယော။

## ညယပဗ္ဗင်ဘုရားရှိခိုးဗိုလ်ဖိုက်တော်

(၁၈) မဂ္ဂပစ္စယောတိ-

မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေနပစ္စယော။

## သာမိစိပ္ပဋိပန္နဂုဏ်တော်

(၁၉) သမ္ပယုတ္တပစ္စယောတိ-

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

## အာဟုနေယျဂုဏ်တော်

(၂၀) ဝိပ္ပယုတ္တပစ္စယောတိ-

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော။

အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော။

## ပါဟုနေယျဂုဏ်တော်

(၂၁) အတ္ထိပစ္စယောတိ-

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ကာယာယတနံ ယာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေနပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေနပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေနပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေနပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေနပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေနပစ္စယော။

ယံ ရူပံနိဿာယ မနောဓာတု စ မနောဝိညာဏဓာတုစ ဝတ္တန္တိ၊ တံရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေနပစ္စယော။

ဒက္ခိနေယျဂုဏ်တော်

(၂၂) နတ္ထိပစ္စယောတိ

သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေနပစ္စယော။

အဉ္စလိကရဏီယဂုဏ်တော်

(၂၃) ဝိဂတပစ္စယောတိ

သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေနပစ္စယော။

အနုတ္တရံပုညခေတ္တံလောကဿာတိဂုဏ်တော်

(၂၄) အဝိဂတပစ္စယောတိ

စတ္တာရောခန္ဓာ အရူပိနော အညမညံ အဝိဂတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

ဩတ္တပ္ပိကၡေဏာ နာမရူပ် အညမည် အဝိဂတပစ္စယေန
ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ
အဝိဂတပစ္စယေနပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတပစ္စယေနပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာ
နဉ္စ ဓမ္မာနံ အဝိဂတပစ္စယေနပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပ
ယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေနပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တ
ကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေနပစ္စယော။

ဇိဝှာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာ
နဉ္စ ဓမ္မာနံ အဝိဂတပစ္စယေနပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပ
ယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေနပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာ
နဉ္စ ဓမ္မာနံ အဝိဂတပစ္စယေနပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။


ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတုစ ဝတ္တန္တိ တံရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

**ပစ္စယနိဒ္ဒေသော နိဋ္ဌိတော**



# "ချမ်းသာကြိုးစေပေးအိမ်ပြစ်ရေး"

လူ့လောကနယ်ပယ်တွင် လူသားတိုင်း စား၊ ဝတ်၊ နေ၊ ရေး အတွက် နေ့ရောညပါ သွားလာလှုပ်ရှား ရုန်းကန် နေကြရသည်။ ကြီးသူငယ်သူမဟူ လူသားအားလုံး အသက်နှင့်ခန္ဓာတည်နေသမျှ ကာလပတ်လုံး စားဝတ်နေရေးအတွက် လုံးပန်းနေကြရသည်။ ရုန်းကန်လှုပ်ရှားနေသူများထဲတွင် အဆင်ပြေချောမွေ့သူများ ရှိသလို အဆင်မပြေဘဲ ဘဝကိုလက်မြှောက်အရှုံးပေးပြီး နိဂုံးချုပ်သွားရသူများလည်း ဒုနှင့်ဒေးပင်ရှိပါသည်။

ထိုစားဝတ်နေရေးတွင် နေထိုင်ရေးကလည်း အဓိက ကျလှျက်ရှိပေသည်။ ဘုရားသော်မှ အမှီရှိမှပွင့်ရပါသည် ဟုဆိုရိုးစကားလည်းရှိပါသည်။ အမှီဖြစ်သော နေရေးသည် အဓိကကျသည်ကို မည်သူမျှငြင်းဆန်၍မရနိုင်ပေ။ ထို့ပြင် မြို့ကြီးပြကြီးတို့တွင် သွားလာလုပ်ကိုင်သူတို့၏ လက်သုံးစကားမှာ ကျောတစ်ဖျာစာရလျှင် အလုပ်မရှားပါ။ ထမင်းမငတ်ဟု ဆိုလေ့ရှိကြသည်။ ထိုစကားကို ထောက်ဆတွေးတောကြည့်ပါက လူ့လောကတွင် နေထိုင်ရေးသည် အဓိကကျကြောင်းသက်သေပြလျှက်ရှိပါသည်။

ဤနေထိုင်ရေးနှင့်ပတ်သက်၍ တချို့ အကျိုးပေးသော နေအိမ်နှင့် တချို့ အကျိုးမပေးသောနေအိမ်ဟူ၍ နှစ်မျိုးနှစ်စား ရှိပါသည်။ အကျိုးပေးသောနေရာအိမ်ဆိုသည်မှာ သည်အိမ်ရောက်မှ အစစအရာရာအဆင်ပြေအောင်မြင်ကြီးပွားစွာ နေထိုင်ရလေ၏။ အကျိုးမပေးသော နေရာအိမ်ဆိုသည်မှာ သည်နေရာသည်အိမ်ရောက်မှ စီးပွားဥစ္စာကျဆင်းပြီး ရှိတာတွေလည်းကုန်၍ ကျန်းမာရေးလည်းထိခိုက်၊ အိမ်ထောင်ရေးမှာလည်း အဆင်မပြေမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရတက်ပေသည်။ ထို့ကြောင့် စာရေးသူသည် အကျိုးပေးသောနေရာအိမ်ဖြစ်ရေးကို စေတနာ၊ မေတ္တာထား၍ အိမ်နှင့်ပတ်သက်သမျှ ဆောင်ရန်၊ ရှောင်ရန်အချက်များကို အောက်ပါအတိုင်း စုဆောင်းဟင်ပြလိုက်ရပါသည်။

## ရှောင်ကြဉ်သင့်သောအချက်များ

တနင်္ဂနွေနံ့သားသမီးများသည် တောင်ဘက်အရပ်သို့ မျက်နှာလှည့်ထားသောအိမ်နှင့် အနောက်မြောက်ထောင့်သို့ မျက်နှာလှည့်ထားသောအိမ်ကို လုံး၀မနေသင့်၊ မဆောက်သင့်၊ မ၀ယ်သင့်ပါ။

တနင်္လာနေ့နံ သားသမီးများသည် အနောက်တောင်ထောင့်နှင့် မြောက်ဘက်သို့ မျက်နှာလှည့်ထားသောအိမ်ကို လုံးဝမနေသင့်၊ မဆောက်သင့်၊ မဝယ်သင့်ပါ။

အင်္ဂါနေ့နံ သားသမီးများသည် အနောက်ဘက်နှင့် အရှေ့မြောက်ထောင့်သို့ မျက်နှာလှည့်ထားသောအိမ်ကို လုံးဝမနေသင့်၊ မဆောက်သင့်၊ မဝယ်သင့်ပါ။

ဗုဒ္ဓဟူးနေ့နံ သားသမီးများသည် အနောက်မြောက်ထောင့်နှင့် အရှေ့အရပ်သို့ မျက်နှာလှည့်ထားသောအိမ်ကို လုံးဝမနေသင့်၊ မဆောက်သင့်၊ မဝယ်သင့်ပါ။

ကြာသာပတေးနေ့နံသားသမီးများသည် အရှေ့မြောက်ထောင့်နှင့် တောင်အရပ်သို့ မျက်နှာလှည့်ထားသောအိမ်ကို လုံးဝမနေသင့်၊ မဆောက်သင့်၊ မဝယ်သင့်ပါ။

သောကြာနေ့နံသားသမီးများသည် အရှေ့တောင်ထောင့်နှင့် အနောက်အရပ်သို့ မျက်နှာလှည့်ထားသောအိမ်ကို လုံးဝမနေသင့်၊ မဆောက်သင့်၊ မဝယ်သင့်ပါ။

စနေနေ့နံသားသမီးများသည် မြောက်အရပ်နှင့်

အရှေ့တောင်ထောင့်သို့ မျက်နှာလှည့်ထားသောအိမ်ကို လုံးဝ မနေသင့်၊ မဆောက်သင့်၊ မဝယ်သင့်ပါ။

**ဆောင်ရန်အချက်များ**

ထိုရှောင်ရန်နေအိမ်များတွင် မဖြစ်မနေ၊ နေထိုင်ပြုလုပ်ရမည်ဆိုပါက ဘာသာရေးကျင့်စဉ်များ အထူးတလည် ပြုလုပ်ပေးပြီး တနင်္ဂနွေ နေ့နံသားသမီး အိမ်ထောင်ဦးစီးဖြစ်ပါက သောကြာနံ အပင်ကို အိုးထဲထည့်စိုက်ပြီး အိမ်ရှေ့မျက်နှာစာတွင် ထားပေးပါ။ (မြေကြီးတွင်လည်း စိုက်နိုင်သည်၊ မည်သည့်အပင်မဆိုရသည်။ သောကြာနံအပင်ဖြစ်ဖို့ပဲလိုသည်။)

တနင်္ဂနွေသားသမီး အိမ်ထောင်ဦးစီး - သောကြာနံအပင်
တနင်္လာသားသမီး အိမ်ထောင်ဦးစီး - တနင်္ဂနွေနံအပင်
အင်္ဂါသားသမီး အိမ်ထောင်ဦးစီး - တနင်္လာနံအပင်
ဗုဒ္ဓဟူးသားသမီး အိမ်ထောင်ဦးစီး - အင်္ဂါနံအပင်
ကြာသာပတေးသားသမီး အိမ်ထောင်ဦးစီး - စနေနံအပင်
သောကြာသားသမီး အိမ်ထောင်ဦးစီး - ဗုဒ္ဓဟူးနံအပင်
စနေသားသမီး အိမ်ထောင်ဦးစီး - ဗုဒ္ဓဟူးနံအပင်

ရာဟုသားသမီး အိမ်ထောင်ဦးစီး - ကြာသာပတေးနံအပင်

အိမ်၊ ခြံ၊ မြေ၏ ထောင့်(၄)ထောင့်၌ရှိသော မြေအနည်းငယ်စီကို ယူပြီး အိုးသေး၊ အိုးငယ်ထဲသို့ ထည့်ပါ။ ငှက်ပျောတုံးကို ဖောက်ဖွဲ့ပါ။ ထမင်းဖြူနှင့် လက်ဝါးခန့်ရှိသော ငါးကို အကောင်လိုက်ကြော်၍ အိမ်ထောင်ဦးစီးဖြစ်သူက ဤအိမ်၊ ခြံ မြေပေါ်တွင် မှီကင်းနေထိုင်ကြကုန်သော ပုဂ္ဂိုလ်များထဲတွင် အိမ်သူ၊ အိမ်သား၊ မိသားစုများကို အနှောင့်အယှက်၊ အဟန့်အတား ဖြစ်အောင် ပြုလုပ်တတ်သော ပုဂ္ဂိုလ်များရှိခဲ့ပါက သင်တို့အတွက် နေစရာ၊ စားစရာများကို အကျွန်ုပ်တို့သည် စီစဉ်ပေးထားပြီး ဖြစ်ပါသည်။ သင်တို့ လွတ်ရာကျွတ်ရာအရပ်သို့ သွားနိုင်ပါပြီဟု ပြော၍ ရေစီးသောချောင်းထဲတွင် မျှောပေးပါ။ အိမ်ပိုင်ရှင်ဖြစ်သော အမျိုးသားနှင့် အမျိုးသမီးတို့သည် မိမိတို့အိမ်ရှေ့တွင် (အိမ်အဝင်/အထွက်၊ ခြံအဝင်/အထွက်)ထွက်၍အိမ်ဘက်သို့ မျက်နှာမူ ခြေထောက်စုံရပ်ပြီး အိမ်ကိုလက်ညှိုးထိုး၍ (ပြိုင်တူ)

( ၁ ) ဤအိမ်သည် ကျွန်တော်မျိုး၊ ကျွန်တော်မ ပိုင်ဆိုင်သော အိမ်ဖြစ်ပါသည်။ ဤအိမ်နှင့်ပတ်သက်ဆက်နွယ်သော ပုဂ္ဂိုလ်

အားလုံးတို့က ကျွန်တော်မျိုး၊ ကျွန်တော်မ ပိုင်ဆိုင်သော အိမ်ဖြစ်ကြောင်း အသိအမှတ်ပြုကြပါဟု (၃)ကြိမ်ပြောကြားပေးရမည်။

( ၂ ) ဤအိမ်နှင့်ပတ်သက်ဆက်နွယ်သော ပုဂ္ဂိုလ်အားလုံးတို့သည် ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းဝေးကြပါစေဟု (၃)ကြိမ်မေတ္တာပို့ပေးရပါမည်။

( ၃ ) ဤအိမ်နှင့်ပတ်သက်ဆက်နွယ်သော ပုဂ္ဂိုလ်အားလုံးတို့ကိုလည်း မေတ္တာပို့ပါတယ်။ အမျှအတမ်းလည်းဝေပါတယ်။ သင်တို့၏အကျိုးစီးပွားကို ကျွန်ုပ်တို့က လိုလားသကဲ့သို့ သင်တို့ ကလည်းအကျွန်ုပ်တို့၏အကျိုးစီးပွားကို လိုလားသောအားဖြင့် အကျွန်ုပ်တို့ကို ကူညီစောင့်ရှောက် မ,စပါဟု (၃)ကြိမ်ပြောရမည်။

( ၄ ) အိမ်နှင့်ပတ်သက်ဆက်နွယ်သော ပုဂ္ဂိုလ်အားလုံးတို့နှင့် (၃၁)ဘုံ၌ ကျင်လည်ကြကုန်သော သုခိတ၊ ဒုက္ခိတ သတ္တဝါအားလုံးတို့အား (အမျှ)[၃] ဟု အမျှပေးဝေရပါမည်။

# သတိပေးမှာကြားချက်

မိမိတို့ အိမ်ပဲဆောက်ဆောက်၊ အိမ်ပဲဝယ်ဝယ်၊ အိမ်ပဲ ငှားငှား မူလရည်ရွယ်ချက်ကတော့ ငါတို့မိသားစုနေထိုင် မည်ဟု ဆောက်လုပ်၊ ဝယ်ယူ၊ ငှားရမ်းကြပါသည်။ ဆိုင်ဆိုလျှင်လည်း သည်ဆိုင်ကိုအကြောင်းပြု၍ ငါတို့မိသားစု စီးပွားရှာမည်ဟု ရည်ရွယ်ပြီး ဆောက်လုပ်ဝယ်ယူငှားရမ်းကြပါသည်။ တကယ်တမ်း အဆောက်အဦးတစ်ခုပြီးမြောက်သွားပြီဆိုလျှင် မိမိတို့မူလ ရည်ရွယ်ထားသည့်အတိုင်းမဟုတ်တော့ဘဲ အပိုဖြစ်သောပုဂ္ဂိုလ်၊ သတ္တဝါများလည်း ပါလာကြပါသည်။ ဤအဆောက်အဦးကို အမှီပြု၍ မြင်အပ်သော ပုဂ္ဂိုလ်သတ္တဝါဖြစ်သော အိမ်မြှောင်၊ ကြွက်၊ ခြင်၊ ယင်၊ ပုရွက်ဆိတ် အစရှိသော သတ္တဝါများလည်း လာရောက်မှီတင်းနေထိုင်ကြသကဲ့သို့ မမြင်အပ်သောပုဂ္ဂိုလ်များ လည်း လာရောက်မှီတင်းနေထိုင် တက်ကြသည်ကို အိမ်ရှင်ဖြစ်သူတို့ မေ့မထားသင့်ပါ။ မြင်အပ်သောပုဂ္ဂိုလ်များမှာတော့ သည်ပုဂ္ဂိုလ်၊ သည်သတ္တဝါက ငါတို့ကို အန္တရာယ်ပြုတတ်ပါသလား၊ ကြည့်ဖျက်ကြပါသလား၊ လိုလားကြပါသလား၊ နှစ်သက်ကြပါသလား

ဆိုတာကို သူတို့၏ အမူအရာတွေ ကို ကြည့်ပြီးသိနိုင် ပါသည်။ မမြင်အပ်သောပုဂ္ဂိုလ်တွေမှာတော့ မမြင်ရသည့်အတွက် ကြည်ဖြူသလား၊ နှစ်သက်သလား၊ လိုလားသလားဆိုတာကို သိနိုင်ဖို့ရန် အလွန်ခဲယဉ်းလှပါသည်။ ထို့ကြောင့် အိမ်ရှင်များ အနေဖြင့် မိမိတို့အိမ် မိမိတို့ဆိုင်မှာ မြင်အပ်၊ မမြင်အပ်သော ပုဂ္ဂိုလ်တွေမှီတင်းနေထိုင်ကြကြောင်းစွဲမြဲ ယုံကြည်စွာ မှတ်ယူ ထားရမည်ဖြစ်ပေသည်။ ဥပမာအားဖြင့် မိမိတို့သည် လူတစ်ဦး တစ်ယောက်ကို အသိအမှတ်ပြုလျှင် ထိုအသိအမှတ်ပြုခံရသော ပုဂ္ဂိုလ်ကလည်း မိမိတို့ကို ပြန်လည်ပြီး အသိအမှတ်ပြုမည် ဖြစ်ပါသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ကျေးဇူးပြုခဲ့ဖူးလျှင် ထိုပုဂ္ဂိုလ်ကလည်း အခွင့်သာခဲ့လျှင် ပြုခဲ့ဖူးသောကျေးဇူးတို့ကို ပြန်လည်တုံ့ပြန်ကျေးဇူးပြုမှာ ဖြစ်ပါသည်။ ထို့အတူ မိမိတို့အိမ်မှာ မှီတင်းနေထိုင်ကြကုန်သောပုဂ္ဂိုလ်တွေကို မိမိတို့က အသိအမှတ် မပြုဘဲ အမှတ်တမဲ့နေမည်ဆိုပါက ထိုပုဂ္ဂိုလ်များကလည်း အမှုမဲ့ အမှတ်မဲ့နေမှာပင်ဖြစ်ပါသည်။ မိမိတို့က သူတို့ရဲ့အကျိုးစီးပွားကို လိုလားလျှင် မိမိတို့၏အကျိုးစီးပွားကိုလည်း သူတို့က လိုလား

ကြမှာပင်ဖြစ်ပါသည်။ တစ်ဦးမေတ္တာတစ်ဦးကို ရောင်ပြန်ဟပ်သကဲ့သို့ ဖြစ်ပါသည်။ ထို့ကြောင့် အိမ်သစ်မတက်မီ၊ မပြောင်းရွှေ့မီမိတို့ အဆင်ပြေမည့်နေ့၊ အဆင်ပြေမည့်အချိန်တွင် အထက်ပါအစီအစဉ်များကို ပြုလုပ်ပေးဖို့ရန် မမေ့ကြဘို့ အထူးသတိပေးလိုက်ပါသည်။ ထိုအစီအစဉ်များပြုလုပ်ပြီးပါက အိမ်သစ်တက်မင်္ဂလာ ဆင်ယင်ကျင်းပနိုင်ပါသည်။

# "အိမ်သစ်တက်မင်္ဂလာပြုလုပ်ရမည့် အစီအစဉ်များ"

***

အိမ်သစ်မတက်မီ (၁)ရက်အကြို ထိုအိမ်သစ်ကို တရော်ကင်ပွန်း နံ့သာရည်တို့ဖြင့် သန့်ရှင်းစွာ ဆေးကြောပေးပါ။ ဘုရားကျောင်းဆောင်တွင် ပန်း(၇)မျိုး၊ သစ်သီး (၇)မျိုး (သို့မဟုတ်) (၉)မျိုး၊ သောက်တော်ရေတို့ကို ပူဇော်ပေးပါ။ အိမ်ထောင်ဦးစီးကိုယ်တိုင် ဘုရားကိုပင့်ဆောင်ပါ။ ငှင်းနေ့ သက်သက်လွတ်စားလျှင်ပို၍ ကောင်းပါသည်။ ပဋ္ဌာန်း၊ ပရိတ်၊ ဓမ္မတေးများကို ဖွင့်လှစ်ပူဇော်ပေးထားပါ။ မင်္ဂလာမရှိသော၊ နိမိတ်မရှိသော၊ သီချင်းခွေများ မဖွင့်မိဘို့ အထူးသတိထားပါ။ မိသားစုအားလုံးက အိမ်အဝမှကြိုတင်၍ ရပ်စောင့်ပြီး ပန်းပေါက်ပေါက် နှင့် ရွှေမိုး၊ ငွေမိုးရွာသွန်းပေးပါ။ ဘုရားပန်းကို နေ့စဉ်အသစ်လဲ၍ (၇)ရက်ဆက်တိုက်ပူဇော်လှူဒါန်းပေးပါ။ ဘုရား ကျောင်းဆောင် ရှေ့တွင် အမွှေးနံ့သာတိုင် (၇)တိုင် ထွန်းညှိပေးထားပြီး ဤအိမ်၊ ခြံ၊မြေနှင့်ပတ်သက်ဆက်နွယ်သော ပုဂ္ဂိုလ်အားလုံးတို့ သင်တို့ အတွက် အမွှေးနံ့သာတိုင်များ ထွန်းညှိပေးထားပါသည်။ သင်တို့

ကိုယ်တိုင်ကြွရောက်၍ ဗုဒ္ဓရှင်တော်မြတ် ဘုရားအား ပူဇော်ကြပါဟု ပြောပြီး ဤအိမ်နှင့် ပတ်သက်ဆက်နွယ်သော ပုဂ္ဂိုလ်အားလုံးတို့ကို မေတ္တာပို့ပေးပါ။ နေ့စဉ်အမွှေးနံ့သာတိုင်များ ထွန်းညှိပေးထားပြီး အထက်ပါအတိုင်း ပြောဆိုပြီ လုပ်ရမည်ဖြစ်ပါသည်။ (ဆိုင်ဆိုလျှင် အိမ်နေရာ၌ ဆိုင်ဟုအစားထိုးပါ)

မကောင်းသောနေ့ရက်များကို ရှောင်ရှား၍ မိမိတို့ အဆင်ပြေမည့်နေ့ရက်တွင် အိမ်သစ်တက်မင်္ဂလာ၊ ဆိုင်သစ်တက် မင်္ဂလာပြုလုပ်နိုင်ပါသည်။ လပြည့်၊ လကွယ်နေ့များတွင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးနှင့်တကွ လာဘ်လာဘပေါများသော ရှင်သီဝလိမထေရ်မြတ်တို့ကိုပင့်ဆောင်၍ ဆွမ်းကပ်လှူဒါန်း ပေးပါ။ သက်ရှိထင်ရှားရှိသကဲ့သို့ ဂါရဝတရားရှေ့ထားပြီး လက်ဆေးရေ၊ သောက်တော်ရေ၊ လက်သုပ်ပုဝါမှစ၍ လိုအပ် သည်များကို ပြင်ဆင်ပြီးလျှင် တကယ့်သက်ရှိထင်ရှား ဆွမ်းဘုန်း ပေးနေသည့်အလား အာရုံပြုဆက်ကပ်လှူဒါန်းပေးပါ။

## နေ့အလိုက်အိမ်သစ်တက်မင်္ဂလာပြုလုပ်လိုပါက

- တနင်္ဂနွေနေ့တွင် အိမ်သစ်တက်မင်္ဂလာပြုလုပ်လိုပါက အိမ်ထောင်ဦးစီးက ရတနာရွှေငွေဝတ်ဆင်ပြီး တက်ပါ။
- တနင်္လာနေ့တွင် အိမ်သစ်တက်မင်္ဂလာပြုလုပ်လိုပါက အိမ်ထောင်ဦးစီးက အဝတ်အထည်ယူ၍ တက်ပါ။
- အင်္ဂါနေ့တွင် အိမ်သစ်တက်မင်္ဂလာပြုလုပ်လိုပါက အိမ်ထောင်ဦးစီးက ကျောက်သံပတ္တမြားယူ၍ တက်ပါ။
- ဗုဒ္ဓဟူးနေ့တွင် အိမ်သစ်တက်မင်္ဂလာပြုလုပ်လိုပါက အိမ်ထောင်ဦးစီးက ထမင်းအဝစား၍ တက်ပါ။
- ကြာသာပတေးနေ့တွင် အိမ်သစ်တက်မင်္ဂလာပြုလုပ်လိုပါက အိမ်ထောင်ဦးစီးကဦးခေါင်းလျှော်ပြီးမှ တက်ပါ။
- သောကြာနေ့တွင် အိမ်သစ်တက်မင်္ဂလာပြုလုပ်လိုပါက အိမ်ထောင်ဦးစီးက မိမိနှစ်သက်ရာယူ၍တက်ပါ။
- စနေနေ့တွင် အိမ်သစ်တက်မင်္ဂလာပြုလုပ်လိုပါက အိမ်ထောင်ဦးစီးက တရေးနိုးမှတက်ပါ။

ဤကဲ့သို့စာရေးသူသည် အိမ်၊ ခြံမြေနှင့်ပတ်သက်သော အချက်အလက်များစုဆောင်းတင်ပြရခြင်းမှာ စာရေးသူ တို့သည် လောကလူသားများဖြစ်သည့်အလျောက် လောကီနှင့် လုံးဝကင်း

၍မရနိုင်သေးပါ။ လောကီနှင့်မကင်းနိုင်သမျှ လောကီအလုပ်ကို လုပ်ရဦးမှာဖြစ်ပါသည်။ လောကီလူသားများသည် လောကီကောင်းကျိုးကို သူ့ထက်ငါ အပြိုင်ရှာဖွေနေကြပါသည်။ မည်သို့ပင်ရှာဖွေနေကြပါသော်လည်း ထင်သလောက်ခရီးမရောက်ဘဲ အခက်အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေကြရပါသည်။ ထိုအခက်အခဲများကိုပြေလည်စေရန် စေတနာကောင်းနှင့် လမ်းညွှန်ပြသခဲ့သော အချက်အလက်များကို လက်တွေ့ကျင့်သုံးမည်ဆိုပါက စီးပွားဥစ္စာများ ဒီရေအလားကဲ့သို့ တိုးတက်အောင်မြင်ရုံသာမကဘဲ ချမ်းသာမှုကောင်းကျိုးကို ပေးသောအိမ်ဖြစ်ပြီး ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြွယ်ဝမည်ဖြစ်ပါသည်။

ဦးကောဝိဒ (ရေစကြို)
မဟာဝေဇယန္တာဓမ္မရိပ်သာကျောင်း
အမှတ်(၅)ဝိုင်း၊ ကံဦးကျောင်းတိုက်၊
တောင်ဥက္ကလာပမြို့နယ်။
☎ - ၅၆၃၄၂၁

## ဆက်လက်ထွက်ရှိမည့်စာအုပ်များ

(၁) ရသစုံလင် ပရိတ်ကြီးရွတ်ပွားပုံ အစီအစဉ်

(၂) ဘေးရန်ကင်းဝေးချမ်းသာရေး

ဓမ္မဒါနကုသိုလ်ရှင်

---

---

---